# Indorama Ventures
# Public Company Limited

# Anti-Corruption Policy
# အဂတိလိုက်စားမှု တိုက်ဖျက်ရေး မူဝါဒ

*(As approved by the Board of Directors Meeting No.1/2014 dated January 12, 2014)*

*Revision 1*
*(As approved by the Board of Directors Meeting No.2/2015 dated February 20, 2015)*

*Revision 2*
*(As approved by the Board of Directors Meeting No.4/2016 dated August 11, 2016)*

# မာတိကာ


မိတ်ဆက် ........................................................................................................ ၁

ရည်ရွယ်ချက ..................................................................................................... ၁

အခန်းကဏ္ဍ ...................................................................................................... ၁

အဓိပ္ပာယ်ဖွင့်ဆိုချက် ............................................................................................ ၁

တာဝန်ယူမှုများ ................................................................................................. ၂

မူဝါဒ လမ်းညွှန်ချက်များ........................................................................................ ၂

လက်ဆောင် နှင့် ဧည့်ခံခြင .................................................................................. ၃

လုပ်ထုံးလုပ်နည်း ............................................................................................... ၃

ဂန်ထမ်း လုပ်ထုံးလုပ်နည်း..................................................................................... ၃

သင်တန်း ........................................................................................................ ၃

သတင်းပို့ခြင်း လုပ်ထုံးလုပ်နည်း.............................................................................. ၄

စည်းကမ်း ....................................................................................................... ၄

# အဂတိလိုက်စားမှု တိုက်ဖျက်ရေး မူဝါဒ

## မိတ်ဆက်

IVL ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းကို ဂုဏ်သိက္ခာရှိစွာ၊ မျှတစွာ၊ အဂတိကင်းရှင်းစွာဖြင့် တာဝန်ခံမှုရှိစွာ ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ပါသည်။ IVL သည် အနှုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို တားဆီးရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်းပါသည်။ ထို့ကြောင့် ဤမူဝါဒတွင်ပါဝင်သည့် အချက်များအားလုံးနှင့် နိုင်ငံတစ်ခုစီတွင်ရှိသော စည်းမျဉ်းစည်းကမ်းများကို အစွမ်းကုန် လိုက်နာဆောင်ရွက်ပါမည်။

## ရည်ရွယ်ချက်

ဤမူဝါဒ၏ ရည်ရွယ်ချက်သည် အဂတိလိုက်စားမှုများကို တားမြစ်ရန် သင့်လျော်သည့် မူဝါဒများကို IVL ၏ လုပ်ငန်းခွဲများအားလုံးတွင် လိုက်နာရန် ရည်ရွယ်ပါသည်။

## အခန်းကဏ္ဍ

ဤမူဝါဒသည် ဒါရိုက်တာအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့နှင့်ဝန်ထမ်းများ၊ သင်တန်းသားများ၊ ဝန်ထမ်း မဟုတ်သော်လည်း ကုမ္ပဏီကို ကိုယ်စားပြုသည့်တာဝန်ရှိသူများ၊ ကုမ္ပဏီနှင့်ဖက်စပ်ပြုလုပ်ထားသည့် အသင်းအဖွဲ့များ၊[1] လက်အောက်ခံကုမ္ပဏီများ အားလုံး လိုက်နာကျင့်သုံးရန်ဖြစ်ပါသည်။

ထပ်မံပြီး ဤမူဝါဒသည် ပြည်တွင်း လာဘ်ပေးလာဘ်ယူမှုများ သို့မဟုတ် အဂတိလိုက်စားမှုများကို ဆန့်ကျင်တိုက်ဖျက်ရန် ရည်ရွယ်သည်။ ဤမူဝါဒသည် ဒေသဆိုင်ရာ ဥပဒေနှင့် ဂိုဝါဒကွဲပြားခဲ့လျှင် ပြည်တွင်း ဥပဒေကို အသုံးပြုလိုက်နာရန်ဖြစ်သည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

**အဂတိလိုက်စားမှု** ဆိုသည်မှာ လာဘ်ပေးလာဘ်ယူခြင်း၊ ခြောက်လှန့်တောင်းယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်စားခြင်း၊ အာဏာကို အလွဲသုံးခြင်း၊ ငွေကြေးခဝါချခြင်း နှင့် အလားတူအပြုအမူများကိုဆိုလိုသည်။

**လာဘ်ပေးလာဘ်ယူခြင်း** ဆိုသည်မှာ ကမ်းလှမ်းခြင်း၊ တစ်စုံတစ်ရာပေးရန်ကတိပြုခြင်း၊ တောင်းဆိုခြင်း၊ တစ်စုံတစ်ရာကိုလက်ခံရန် သဘောတူခြင်း၊ ငွေကြေးသို့မဟုတ် အခြားအကျိုးကျေးဇူးတစ်ခုခုကို မမှန်မကန် လုပ်ဆောင်ရန် ဆောင်ရွက်ခြင်းကိုဆိုသည်။

[1] Associated companies are those IVL owns 20%-50% of the voting shares.

ဤအကြောင်းအရာထဲတွင် ငွေပေးချေမှုများကို လွယ်ကူချောမောပြီး လျင်မြန်စွာဆောင်ရွက်နိုင်ရန် ၊ ပြည်သူ့ရေးရာတရားဝင် စီမံခန့်ခွဲမှုနှင့် ပုံမှန်လုပ်ဆောင်ချက်များကိုလွယ်ကူချောမွေ့ရန် သို့မဟုတ် လျှင်မြန် စေရန် ပါဝင်ပါသည်။ ဤမူဝါဒတွင်ဖော်ပြထားသော အခြားပိုမိုသော အကျိုးကျေးဇူးများ ရရှိစေရန်မဟုတ်ပါ။

**ဆက်စပ်သည့် နယ်ပယ်နှင့် လုပ်ရှားမှုများ** ဆိုရာတွင် ပြည်သူ့သဘာဝနယ်ပယ်များ၊ စီးပွားရေးနှင့်သက်ဆိုင်သည့် လုပ်ရှားမှုများအားလုံး၊ အလုပ်ခန့်အပ်သည့် ကဏ္ဍတွင်ရှိသည့်လုပ်ရှားမှုများ၊ လူတစ်ဦးကိုယ်စား လုပ်ဆောင်ချက်များ အာလုံးပါဝင်သည်။

## တာဝန်ယူမှုများ

ဒါရိုက်တာအဖွဲ့သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒကို ထိရောက်သည့်ပုံစံများဖြင့် ဖော်ဆောင်ရန် တာဝန်ရှိသည်၊ ဘုတ်အဖွဲ့သည် ဆပ်ကော်မတီများဖြင့် အကောင်အထည်ဖော်ရန် တာဝန်လွှဲအပ်နိုင်သည်။ မည်သည့်အုပ်ချုပ်ရေးအဖွဲ့မဆို အဆိုပါမူဝါဒကို အပြည့်အဝနားလည် လိုက်နာကျင့်သုံးရန် ယူဆနိုင်သည်။

အုပ်ချုပ်ရေးအဖွဲ့သည် ပုံစံအမျိုးမျိုးရှိသော အဂတိလိုက်စားမှုများကို ကာကွယ်ရန် ထိရောက်သည့် စနစ်များ လုပ်ဆောင်ရန် တာဝန်ရှိသည်။ ဌာနတွင်းစစ်ဆေးရေးဌာနသည် စနစ်တကျစောင့်ကြည့်ပြီး စစ်ဆေးရေးကော်မတီကို တင်ပြရမည်။

ကုမ္ပဏီသည် အဂတိလိုက်စားမှုများဖြစ်ပေါ်မှုများ လျှော့ချရန် ကုမ္ပဏီအားဆန့်ကျင်ပြီး အတည်ပြုထားသည့် အဂတိလိုက်စားမှုများ လျော့နည်းအောင် ဘဏ္ဍာရေးထိန်းချုပ်မှုများဖြင့် ခြေလှမ်းအစပြုရန်မည်။

စစ်ဆေးရေးကော်မတီသည် နှစ်စဉ်နှစ်တိုင်းဌာနတွင်းစစ်ဆေးရေးများပြုလုပ်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒကို ထိရောက်မှုရှိစေရန်နှင့် လိုအပ်လျင်ပြောင်းလဲမှုများပြုလုပ်ရန် ဘုတ်အဖွဲ့ကို အကြံပြု ရမည်။

## မူဝါဒ လမ်းညွှန်ချက်များ

ကုမ္ပဏီသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ မည်သည့်ပုံစံလာဘ်ပေးလာဘ်ယူပုံစံကိုမဆို အတိ အလင်းတားမြစ်သည်။ ကတိပြုခြင်း၊ ကမ်းလှမ်းခြင်း၊ အေးဂျင့်များသို့ လက်ဆောင်ပေးခြင်း၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ အစိုးရ အရာရှိများ၊ နိုင်ငံရေးပါတီများနှင့် အခြားတတိယအုပ်စုများကို အဂတိလိုက်စားမှုပြုလုပ်ရန်အလို့ငှာ လုပ်ဆောင်ချက်နည်းမကျဘဲဆောင်ရွက်ခြင်းများပါဝင်သည်။

### လက်ဆောင် နှင့် ဧည့်ခံခြင်း

ကုမ္ပဏီသည် လက်ဆောင်ပေးခြင်းနှင့် ဧည့်ဂတ်ပြုခြင်းများကို ကွဲပြားသည့်အမြင်နှင့် ကွဲပြားသည့် ယဉ်ကျေးမှုများကိုလက်ခံသည်။

ကမ္ဘာလုံးဆိုင်ရာကုမ္ပဏီတစ်ခုအနေဖြင့် IVL သည် ပြည်တွင်း ပုဂ္ဂိုလ်များအပေါ် လက်ဆောင်ပေးခြင်း၊ ဧည့်ဂတ်ပြုခြင်းများကို လက်ခံနားလည်သော်လည်း တရားမဝင် ဝန်ဆောင်မှုများ ရရှိစေရန် ကမ်းလှမ်းခြင်းများကို ပေးကမ်း ရယူခြင်းများမပြုလုပ်ရပါ။

ယခုကဲ့သို့ အခြေအနေတွင် စီးပွားရေးဆိုင်ရာ ပေါင်းသင်းဆက်ဆံမှုများအတွက် တစ်ခါတစ်ရံ ကမ်းလှမ်းခြင်းများကို ခွင့်ပြုပါသည်။ သို့ရာတွင် စီးပွားရေးလုပ်ငန်းအသီးသီးသည် ပြည်တွင်းဥပဒေများနှင့် ဆန့်ကျင်ပြီး လက်ဆောင်ပေးခြင်း၊ ဧည့်ဂတ်ပြုခြင်းများကို ရှောင်ရှားရမည်။

လက်ဆောင်ပေးခြင်း (သို့မဟုတ်) ဧည့်ခံပြုစုမှုများ ပေးအပ်ခြင်း (သို့မဟုတ်) လက်ခံရယူခြင်းများ သည် ဘတ် ၃၀၀၀ ထက်မပိုစေရ။[2]

## လုပ်ထုံးလုပ်နည်း

### ဝန်ထမ်းခန့်အပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း

အလုပ်လျှောက်ထားသူများသည် အလုပ်လျှောက်ထားသည့်ကာလအတွင်း အင်တာဗျူးလုပ်ချိန်တွင် ဤမူဝါဒနှင့်အညီ ဖြစ်စေရန် အကဲဖြတ်ရမည်။

ဝန်ထမ်းအသစ်များသည် ကုမ္ပဏီလက်စွဲပါ အချက်များကို သေချာသိရှိစေရန် နှင့် အဂတိတိုက်ဖျက်ရေး မူဝါဒ၏ အရေးပါမှုကို သိရှိစေရန် ဆောင်ရွက်ရမည်။

ဝန်ထမ်းများသည် အကျိုးစီးပွား နှင့်ပတ်သက်သည့် အရှုပ်အရှင်းမရှိစေကြောင်း ကြေညာရန် လိုအပ်သည်။ မန်နေဂျာများသည် အကျိုးစီးပွားဆိုင်ရာ ရှုပ်ထွေးသည့် ပြဿနာဖြစ်မလာစေရန် စောင့်ကြည့်ရန်လိုအပ်သည်။

### သင်တန်း

ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းစုအသီးသီးအတွက် သင့်လျော်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ သင်တန်းများပေးရမည်။ အလုပ်သစ်ခန့်အပ်ခြင်းများအပေါ်တွင်လည်း သတိပြုရမည်။ ပုံမှန်အားဖြင့်လည်း ဤမူဝါဒများအပေါ် မည်သို့လုပ်ဆောင်ရမည်ကိုသင်တန်းပေးရန်လိုအပ်ပါသည်။

[2] Local exchange rate to applied as required

## သတင်းပို့ခြင်း လုပ်ထုံးလုပ်နည်း

ကုမ္ပဏီသည် ကျင့်ဝတ်ဖောက်ဖျက်သည့် လုပ်ဆောင်မှုများကို သတင်းပေးပို့ရန် လုပ်ထုံးလုပ်နည်းများ ထားရှိသည်။

တစ်စုံတစ်ဦးသည် ပြဿနာတစ်စုံတစ်ရာ သို့မဟုတ် အကျင့် သို့မဟုတ် ဤမူဝါဒကို ကျင့်သုံးရာတွင် အောက်ဖော်ပြပါသူများကို ချက်ခြင်းသတင်းပေးပို့ရန်လိုအပ်သည်- လိုင်းမန်နေဂျာ သို့မဟုတ် ethics@indorama.net သို့မဟုတ် independentdirectors@ indorama.net တစ်စုံတစ်ယောက်က တင်ပြလာလျှင် မည်သူဟုမသိရှိအောင် ထိန်းသိမ်းထားပေးမည်။

## စည်းကမ်း

မည်သည့်ဂန်ထမ်းမဆို လာဘ်ပေးလာဘ်ယူပြုခြင်း၊ အဂတိလိုက်စားခြင်း စသည်ကို စုံစမ်းစစ်ဆေးရာတွင် အနောက်အယှက်ပြုသူများကို ဒေသဆိုင်ရာဥပဒေများနှင့်အညီအရေးယူမည်။ ဥပဒေနှင့်အညီ ကုမ္ပဏီမှ ချမှတ်သည့်သင့်လျော်သော ဆုံးဖြတ်ချက်ကို လိုက်နာရမည်။

ဤမူဂါဒကို ကျွန်ုပ်တို့နှင့်အကျိုးသက်ဆိုင်သူများအားလုံးမည်သူမဆို ချိုးဖောက်ခဲ့ကြောင်း သုံးသပ်တွေ့ရှိခဲ့လျှင် စာချုပ်ရပ်စဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းများပြုလုပ်မည်။

ဒေသဆိုင်ရာဥပဒေနှင့် ဤမူဂါဒ မညီညွတ်မှုဖြစ်ပေါ်လာခဲ့လျှင် ဒေသဆိုင်ရာဥပဒေကို လိုက်နာကျင့်သုံးရမည်။